# မိဘများအတွက် စာဖတ်နှုန်းတိုးတက်လာခြင်းရှိမရှိအကဲဖြတ်စစ်ဆေးမှု (DRA2) လမ်းညွှန်

Discover a World of Opportunity™

ဆန်းစစ်အကဲဖြတ်မှုများသည် အတန်းအဆင့်နှင့် ကျောင်းသားကျောင်းသူများတွင်ရှိရမည့် ဗဟုသုတနှင့်အတတ်ပညာစံနှုန်းများကို အောင်မြင်နိုင်မှုရှိမရှိသော်လည်းကောင်း၊ ၂၁ ရာစုအတွက် ပြင်ဆင်ထားပြီးဖြစ်၍ အထက်တန်းကျောင်းအောင်မြင်ရန် လမ်းကြောင်းပေါ်တွင်ရောက်ရှိနေမှုရှိမရှိတို့နှင့်စပ်လျဉ်းပြီးကျောင်းသားကျောင်းသူများ၊မိဘများနှင့် ဆရာဆရာမများကို တန်ဖိုးရှိသည့် အချက်လက်များ ရရှိစေပါသည်။ ဆရာများမှ ကျောင်းသားကျောင်းသူများ ဘာလိုအပ်နေသည်ကို သိရှိနေသည့်အတွက် ကျောင်းသားကျောင်းသူများသည် အကဲဖြတ်စစ်ဆေးမှုများမှ အကျိုးကျေးဇူးများရရှိပါသည်။ ဆရာများသည်လည်း ၎င်းတို့ကျောင်းသားကျောင်းသူများ၏ လိုအပ်ချက်များကို ဖြည့်ဆည်းပေးရန် လိုအပ်သောပညာသင်သူများဖြစ်သည့်အတွက် ယင်းအကဲဖြတ်စစ်ဆေးမှုအချက်လက်များမှ အကျိုးကျေးဇူးများရရှိပါသည်။

## DRA2 ဆိုသည်မှာ အဘယ်နည်း။

စာဖတ်နှုန်းတိုးတက်လာခြင်းရှိမရှိအကဲဖြတ်စစ်ဆေးမှု (DRA2)သည် မူကြိုတန်းမှ ၅ တန်းအထိ ကျောင်းသားကျောင်းသူများ၏ ဘာသာစကားသင်ယူ တတ်မြောက်မှု မည်သည့်အဆင့်သို့ ရောက်ရှိနေသည်ကို စစ်ဆေးသိရှိရန် ဆရာများမှ တစ်ဦးချင်းအလိုက် ပြုလုပ်သော စစ်ဆေးမှုဖြစ်သည်။ ယင်းစာရွက်နှင့်ခဲတံအခြေပြုစစ်ဆေးမှု၏ အဓိကရည်ရွယ်ချက်မှာ ကျောင်းသား၏စာဖတ်နှုန်းအဆင့်၊ အားသာသည့်နယ်ပယ်များနှင့်ဘာသာစကားတတ်မြောက်မှုတိုးတက်လာသည့်လမ်းတွင် ရှိနေနိုင်သည့် လိုအပ်ချက်များအား သိရှိဖော်ထုတ်ရန် ဖြစ်သည်။

မိမိတက်ရောက်နေရာအတန်း၏ အဆင့်ထက် သိသိသာသာနိမ့်နေသော ကျောင်းသားများအား သိရှိဖော်ထုတ်ရေးနှင့် ၎င်းကျောင်းသားကျောင်းသူများ စာဖတ်မှုတိုးတက်စေရေးအတွက် ကြားဝင်ပံ့ပိုးကူညီရေးအစီစဉ်အား ဖော်ဆောင်ရန် ၎င်းတို့မိဘများနှင့် ပူးပေါင်းဆောင်ရွက်ရေးတွင် ကော်လိုရာဒိုစာဖတ်နှုန်းဆိုင်ရာ အက်ဥပဒေမှ ပြည်နယ်အဆင့်သတ်မှတ်ချက်များအား DRA2 မှဖြည့်ဆည်းပေးပါသည်။

## ကလေးအား မည်သည့်အချိန်တွင် စစ်ဆေးမည်နည်း။

စာဖတ်နှုန်းဆိုင်ရာအက်ဥပဒေအရ စစ်ဆေးမှုကာလသည် ဆောင်းဦးရာသီနှင့် နွေဦးရာသီကြား ရက်သတ္တပတ် ခြောက်ပတ်ကြာမည်ဖြစ်သည်။ ကျောင်းများတွင် လိုအပ်သည့် ကျောင်းသားကျောင်းသူများအား စစ်ဆေးရန် အချိန်ကာလအပြည့်အဝရှိပါသည်။ **အတန်းနှင့် စာဖတ်နှုန်းအဆင့်အပေါ်မူတည်ပြီး စစ်ဆေးမှု ကာလတစ်ခုအလိုက် သင့်ကလေးအားစစ်ဆေးမှုသည် တစ်နေ့လျှင် အနည်းဆုံး မိနစ် ၂၀ မှ ၄၀ အထိ ကြာနိုင်ပါသည်။ စစ်ဆေးရေးကာလတစ်ခုလုံး လိုအပ်မည်မ ဟုတ်ပါ။။** အနည်းဆုံးအမှတ်သတ်မှတ်ချက်အောက်ရောက်နေသော မူလတန်းမှ ၃ တန်းထိ ကျောင်းသားကျောင်းသူများသည် ၎င်း၏စာဖတ်နှုန်း အဆင့်အား သိရှိရန်အတွက် ပြည်နယ်ဥပဒေအရ အပိုဆောင်းစစ်ဆေးမှုတစ်ခု မှ နှစ်ခုထိ လိုအပ်နိုင်သည်။သင့်ကလေးအား စစ်ဆေးမည့်ရက်ကို အတိကျသိရှိရန် သင့် ကလေးကျောင်းအား ဆက်သွယ်ပါ။

### ဩဂုတ်လ

| နွေ | လာ | ဂါ | ဟူး | ပတေး | ကြာ | နေ |
|---|---|---|---|---|---|---|
| | | | | | | ၁ |
| ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ |
| ၉ | ၁၀ | ၁၁ | ၁၂ | ၁၃ | ၁၄ | ၁၅ |
| ၁၆ | ၁၇ | ၁၈ | ၁၉ | ၂၀ | ၂၁ | ၂၂ |
| ၂၃ | ၂၄ | ၂၅ | ၂၆ | ၂၇ | ၂၈ | ၂၉ |
| ၃၀ | ၃၁ | | | | | |

### စက်တင်ဘာလ

| နွေ | လာ | ဂါ | ဟူး | ပတေး | ကြာ | နေ |
|---|---|---|---|---|---|---|
| | | ၁ | ၂ | ၃ | ၄ | ၅ |
| ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ |
| ၁၃ | ၁၄ | ၁၅ | ၁၆ | ၁၇ | ၁၈ | ၁၉ |
| ၂၀ | ၂၁ | ၂၂ | ၂၃ | ၂၄ | ၂၅ | ၂၆ |
| ၂၇ | ၂၈ | ၂၉ | ၃၀ | | | |

### အောက်တိုဘာလ

| နွေ | လာ | ဂါ | ဟူး | ပတေး | ကြာ | နေ |
|---|---|---|---|---|---|---|
| | | | | ၁ | ၂ | ၃ |
| ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ |
| ၁၁ | ၁၂ | ၁၃ | ၁၄ | ၁၅ | ၁၆ | ၁၇ |
| ၁၈ | ၁၉ | ၂၀ | ၂၁ | ၂၂ | ၂၃ | ၂၄ |
| ၂၅ | ၂၆ | ၂၇ | ၂၈ | ၂၉ | ၃၀ | ၃၁ |

**အဓိကအချက်**

ဆောင်းဦးရာသီ မူကြိုတန်းမှ ၁၂ တန်းထိ

ဆောင်းဦးရာသီ မူကြိုတန်း အချိန်နိုး

နွေဦးရာသီ မူကြိုတန်းမှ ၁၂ တန်းထိ

### ဧပြီလ

| နွေ | လာ | ဂါ | ဟူး | ပတေး | ကြာ | နေ |
|---|---|---|---|---|---|---|
| | | | | | ၁ | ၂ |
| ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ |
| ၁၀ | ၁၁ | ၁၂ | ၁၃ | ၁၄ | ၁၅ | ၁၆ |
| ၁၇ | ၁၈ | ၁၉ | ၂၀ | ၂၁ | ၂၂ | ၂၃ |
| ၂၄ | ၂၅ | ၂၆ | ၂၇ | ၂၈ | ၂၉ | ၃၀ |

### မေလ

| နွေ | လာ | ဂါ | ဟူး | ပတေး | ကြာ | နေ |
|---|---|---|---|---|---|---|
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ |
| ၈ | ၉ | ၁၀ | ၁၁ | ၁၂ | ၁၃ | ၁၄ |
| ၁၅ | ၁၆ | ၁၇ | ၁၈ | ၁၉ | ၂၀ | ၂၁ |
| ၂၂ | ၂၃ | ၂၄ | ၂၅ | ၂၆ | ၂၇ | ၂၈ |
| ၂၉ | ၃၀ | ၃၁ | | | | |

## မိမိကလေး၏ ရမှတ်များသည် မည်သည်ကို ဆိုလိုနေပါသနည်း။

DRA2 ရမှတ်သည် သင့်ကလေး စာဖတ်ခြင်းရာတွင် မည်မျှ စွမ်းဆောင်မှုရှိသည်ကို ညွှန်းဆိုနေသော သက်သေတစ်ပိုင်းတစ်စဖြစ်သည်။ ယင်းအကဲဖြတ်စစ်ဆေးမှုသည် အောက်ပါတို့အပေါ်အခြေခံ၍ သင့်ကလေးစာဖတ်နှုန်းကိုအဆင့်ကို တိုင်းတာပေးပါသည်။

- စာဖတ်ခြင်းတွင် စီးမျောဝင်ခြင်း - သင့်ကလေးမှ စာသင်ခန်းပြင်ပတွင် စာအုပ်များနှင့် မည်ကဲ့သို့ အပြန်အလှန် ဆက်နွယ်ပတ်သက်မှုရှိသနည်း။
- ရေလည်မှု - စကားလုံးများနှင့် ဝါကျများကို မည်ကဲ့သို့ ကောင်းကောင်းဖတ်ရှုနိုင်သနည်း။
- ကြေညက်နားလည်မှု - သင့်ကလေးမှ ၄င်းဖတ်နေသည့် စာအား မည်မျှကောင်းကောင်း နားလည်သနည်း။

## ယင်းရမှတ်များအား မည်သို့ အသုံးပြုမည်နည်း။

DRA2 သည် ဆရာများမှ လမ်းညွှန်ရန်နှင့် သင်ကြားပို့ချချက်များကို လိုအပ်သလိုမွမ်းမံပြင်ဆင်ရန် အသုံးပြုသော တန်ဖိုးရှိသည့် အချက်လက်များဖြစ်သည်။ ကျောင်းသားကျောင်းသူများ၏ စာဖတ်နှုန်းအဆင့် လိုအပ်ချက်ရှိမရှိကို ဖော်ထုတ်ရန်၊ ၄င်းတို့အတွက် စာဖတ်ခြင်းဆိုင်ရာ ပန်းတိုင်ရည်မှန်းချက်များ ချမှတ်ပေးရန်နှင့် သင့်ကလေးမှ စာဖတ်မဖတ်နှင့် စာဖတ်သင့်မဖတ်သင့်အား သိရှိရန် DRA2 ရမှတ်များအား အသုံးပြုနိုင်သည်။

## နောက်ထပ်အချက်အလက်များလိုအပ်ပါသလား

သင်မှ သင့်ကလေးပညာရေးတွင် ပါဝင်ပတ်သက်ပေးရန် ကျွန်ုပ်တို့ တိုက်တွန်းလိုပါသည်။ သင့်ကလေးအား သင်အိမ်တွင်အထောက်အကူပြုပေးနိုင်မည့်နည်းလမ်းများသိလိုပါက သင့်ကလေးဆရာနှင့် ဆွေးနွေးရန် မတုန့်ဆိုင်းပါနှင့်။

အောက်ပါတို့ အပါအဝင် အထောက်အကူပြုသော အချက်လက်များရှာဖွေရန် standards.dpsk12.org/assessments ကိုဝင်ရောက်ကြည့်ရှုရန် တိုက်တွန်းလိုပါသည် -

- မိဘများအတွက် နည်းပညာဆိုင်ရာ လမ်းညွှန်
- အင်္ဂလိပ်စာသင်ယူသူများအတွက်အချက်လက်များ
- ကော်လိုရာဒိုပြည်နယ်မှ လိုအပ်သည့်ရင်းမြစ်များ

သင့်တွင် အကဲဖြတ်ဆန်းစစ်မှုနှင့်စပ်လျဉ်းပြီး မေးခွန်းများရှိပါက သင့်ကလေးကျောင်းသို့ တိုက်ရိုက်ဆက်သွယ်ပါ (သို့) မိသားစုများအတွက်ဒေသတွင်းအစိုးရဝန်ဆောင်မှုများဌာနသို့ (၇၂၀)၄၂၃-၃၀၅၄ သို့ဆက်သွယ်ခေါ်ဆိုပါ။